# ပထမအကြိမ် အမျိုးသားလွှတ်တော် ဒသမပုံမှန် အစည်းအဝေး

## ၁၂ ရက်မြောက်နေ့ အစီအစဉ်

## [ ၁၆ - ၆ - ၂၀၁၄ ]

## ( တနင်္လာနေ့ )

၁။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ အမျိုးသားလွှတ်တော် ၁၂ ရက်မြောက်နေ့ အစည်းအဝေး အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း -

(က) ဦးခင်မောင်(ခ) ဦးအောင်ကျော်ဦး၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၏ **နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်း (INGO) များ၏ မမှန်ကန်သော လုပ်ရပ်များအပေါ် ရခိုင်ပြည်နယ် ဒေသခံများ၏ မကျေနပ်မှုများ ထပ်ဆင့် ဖြစ်ပေါ်နေ၍ ဒေသခံများအနေဖြင့် မလိုလားအပ်သော ထိပ်တိုက်တွေ့မှုများ၊ ပဋိပက္ခများ၊ ပြဿနာများ ထပ်မံဖြစ်ပေါ်လာမှာကို စိုးရိမ်ကြောင့်ကြ ဖြစ်နေကြပါ၍ နိုင်ငံတော်မှ မည်ကဲ့သို့ စီမံဆောင်ရွက်ပေးမည်ကို** သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ခ ) ဦးဆိုင်ပေါင်းနပ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၏ **မြန်မာနိုင်ငံတွင် ဆေးလိပ်သောက်သုံးခြင်းနှင့် စပ်လျဉ်းသည့် အနိမ့်ဆုံး အသက်အရွယ် ကန့်သတ်ချက်နှင့် ဆေးလိပ်သောက်သုံးမှု လျော့နည်းပပျောက်ရေး ပြုလုပ် ဆောင်ရွက်ရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ဂ ) ဒေါက်တာမြင့်ကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၏ **သန်လျင် မြို့နယ်၊ ကဒက်ဖြာကျေးရွာအုပ်စု လယ်မြေများသို့ တည်ဆောက်ရေး(၆) ကမ်းပတ်တာ ပျက်စီးပြီး ပဲခူးမြစ်ရေ ဝင်ရောက်သည့်အတွက် အဆိုပါ ကမ်းပတ်တာကို ပြန်လည်ပြုပြင်မြေဖို့ ဆောင်ရွက်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးစတီဗင်သာဘိတ်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၏ **ချင်းပြည်နယ်၊ ဟားခါးမြို့နယ်၊ ကျန်ဖားကျေးရွာအုပ်စု(၇)ရွာ ပတ်ဝန်းကျင်မှ ထွက်ရှိသည့် အဖိုးတန် ကျွန်း၊ သစ်မာများကို ကုမ္ပဏီများမှ ထုတ်ယူခွင့်ကိစ္စနှင့် စပ်လျဉ်း၍ ကျန်ဖားကျေးရွာအုပ်စု(၇)ရွာမှ ကန့်ကွက်မှုအပေါ် အရေးယူဆောင်ရွက် ထားရှိမှု အခြေအနေကို သိရှိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( င ) ဦးခင်မောင်ဌေး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၏ **ဥတ္တရ သီရိမြို့နယ်၊ တက်ရှိန်းကျေးရွာအနီး ဖြတ်သန်းစီးဆင်းနေသည့် ချောင်းရေ တိုက်စားမှုကြောင့် ကျေးရွာရှိ လူနေအိမ်များ ပျက်စီးမျောပါခြင်း၊ နေအိမ်များ အတွင်းသို့ ချောင်းရေနှင့်အတူ မျောပါလာသည့် သဲနုန်းများ ဝင်ရောက်ဖုံးလွှမ်း နေခြင်းအတွက် ယခုနှစ် မိုးရာသီကာလအမီ ကာကွယ် တည်ဆောက်ပေးရန်** အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန် ပေးအပ်သည့်ပုဂ္ဂိုလ်က မြန်မာနိုင်ငံ ဗိသုကာကောင်စီ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြားတင်သွင်းခြင်း။

၇။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မြန်မာနိုင်ငံ ဗိသုကာကောင်စီ ဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၈။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ ဗိသုကာကောင်စီ ဥပဒေကြမ်းကို အတည်ပြုရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ် တစ်ဦးက ထောက်ခံခြင်း။

၉။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မြန်မာနိုင်ငံ ဗိသုကာကောင်စီ ဥပဒေကြမ်းကို အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၁၀။ ဒေါက်တာမြင့်ကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၏ **ရှူးကလီးယား ပညာရပ် ယခုထက်ပိုမို၍ အလေးထားဆောင်ရွက်ပေးပါရန်** ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်းနှင့် လက်ခံ ဆွေးနွေးရန် သင့် မသင့် အဆုံးအဖြတ် ရယူခြင်း။

၁၁။ အဆိုကို အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

(သို့မဟုတ်)

အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။

၁၂။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် ၁၂ ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်း နှင့် ၁၃ ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။